English

# Self Study

How Can You Improve Your English?

Nay Wun Ni

A1 - A2 - B1 - B2 - C1 - C2

# English Self Study

## နေဝင်းနီ

## အမှာစကား

အင်္ဂလိပ်စာ ညံ့တယ်ဆိုတာ ရိုးရှင်းတဲ့ စကားလုံးလေးတွေကို မှန်မှန်ကန်ကန် မသုံးနိုင်တာ ဖြစ်တယ်။ စတင်လေ့လာသူတွေ အနေနဲ့ကတော့ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ဖြစ်အောင် လေ့လာတာက အကောင်းဆုံးပါ။ အခြေခံပညာက သူဖြစ်ဖြစ်၊ အဆင့်မြင့် ပညာက သူဖြစ်ဖြစ်၊ ဘွဲ့ရပြီးသူ ဖြစ်ဖြစ် မတတ်တာက များပါတယ်။ တော်တဲ့သူကတော့ တော်တာပေါ့။ ဒါပေမဲ့ အများစုကတော့ အခြေခံကို မရပါဘူး။

အခြေခံကို အသေးစိတ် လေ့လာသင့်ပါတယ်။ Speaking မှာ Grammar မလိုပါဘူးဆိုပြီး ပြောနေတာတွေကတော့ မှားယွင်းနေတဲ့ အယူဆ တစ်ခုပါ။ Active - Passive, Direct Speech - Indirect Speech စသည့် ဝါကျပြောင်းလည်း တည်ဆောက်ပုံတွေကိုမှ Grammar လို့ခေါ်တာ မဟုတ်ပါဘူး။ စကားလုံးတွေကို မည်သို့သုံးစွဲ ပြောဆိုရမယ် ဆိုတာတွေကလည်း Grammar ပါ ပဲ။ နောက်တစ်ခုက Pattern တွေ မမှတ်သားဘဲ စကားပြောတွေကို အလွတ်ကျက်တာ။ မလုပ်သင့်တဲ့ အရာပါ။ ဘာသာစကား တစ်ခုကို ကျွမ်းကျင်ချင်ရင် အသေးစိတ် လေ့လာပါ။ ပေါ့ပေါ့တန်တန် မလေ့လာ သင့်ပါဘူး။

အခုစာအုပ်မှာ ကျွန်တော် တင်ပြထားတာတွေက အခြေခံအဆင့် လေ့လာသူကနေ အဆင့်မြင့်အဆင့် လေ့လာသူတွေအထိ ဗဟုသုတ များစွာ

ရရှိ စေမှာပါ။ ကျွမ်းကျင်အဆင့်က သူတွေကတော့ အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး အလုံးစုံ သိနေရမှာပေါ့။ အင်္ဂလိပ်စာ Level အလိုက် သိရှိရမည့် အကြောင်းအရာ တွေကိုလည်း ဖော်ပြပေးထားတာမို့ မိမိက မည်သည့် အကြောင်းတွေ သိနေပြီ၊ နောက်ထပ် မည်သည့် အရာတွေကို လေ့လာရမည် ဆိုတာကိုပါ သိရှိပါလိမ့်မယ်။ Self Study အတွက် ထုတ်ပေးတာမို့ ကိုယ်တိုင် လွယ်ကူစွာ လေ့လာနိုင်ပါလိမ့်မယ်။

အားလုံးပဲ အင်္ဂလိပ်စာကို အမှန်တတ်၍၊ အမှန်တော်ကြပါစေ။

နေဝန်းနီ

English Self Study

***

# THE EIGHT PARTS OF SPEECH

## ဝါစင်္ဂ (၈)မျိုး

ဝါစင်္ဂဆိုသည်မှာ စကား (သို့မဟုတ်) ဝါကျ တို့၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။

Grammar ဆိုသည်မှာလည်း ဤ ဝါစင်္ဂ (၈)မျိုး ဖြစ်ပေသည်။

1. Noun  (n.) နာမ်
2. Pronoun  (pr) နာမ်စား
3. Adjective (adj)  နာမဝိသေသန
4. Verb(v)  ကြိယာ
5. Adverb  (adv) ကြိယာဝိသေသန
6. Preposition (prep)  ဝိဘတ်
7. Conjunction(conj) စကားဆက်
8. Interjection (interj) အာမေဍိတ်

***